# ပထမအကြိမ်ပြည်သူ့လွှတ်တော်

# ဒုတိယပုံမှန်အစည်းအဝေး

# ၃၄ ရက်မြောက်နေ့မှတ်တမ်း(မူကြမ်း)

# (၇-၁၀-၂၀၁၁)

**အချိန် ၊၁၃း ၃၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၃၄ ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၄ ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး ရှိတဲ့အနက် ၃၈၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၆.၂၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနဲ့ စတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးအစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။ ယခုအစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးဂျိဖုန်ဆာရ်း(နောင်မွန်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ ပူတာအိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယောဒိတွေ့သည် အရေးကြီးကိုယ်ရေးကိစ္စဆောင်ရွက်ရန်ရှိနေပါသဖြင့် ၇-၁၀-၂၀၁၁ ရက်နေ့ ပြည်သူ့လွှတ်တော် အစည်းအဝေးမတက်ရောက်နိုင်ပါသဖြင့်ခွင့်ပြုပေးနိုင်ပါရန် ကာယကံရှင်ကိုယ်စား ကချင်ပြည်နယ်၊ နောင်မွန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဂျိဖုန်ဆာရ်းမှ ရိုသေစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးရဲထွဋ်တင်(ဖားဆောင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ်၊ မဲ့စဲ့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ခိုင်ဝင်းဟာ ဝမ်းပျက်ဝမ်းလျှောဖြစ်နေပါ၍ အဆောင်တွင်အနားယူရန်လိုအပ်သောကြောင့် ၇-၁၀-၂၀၁၁ ရက်နေ့ ယနေ့ အစည်းအဝေးတက်ရောက်နိုင်ခြင်းမရှိပါသဖြင့် ခွင့်ရက်အဖြစ်သတ်မှတ်ပေးပါရန် ဦးကျော်ခိုင်ဝင်း၏ကိုယ်စား ဖားဆောင်းမဲဆန္ဒနယ်မှ ကျွန်တော် ဦးရဲထွဋ်တင်က လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးရဲထွန်း(သံတွဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ရခိုင်ပြည်နယ်၊ သံတွဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းက ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေမောင်ရဲ့ကိုယ်စား ခွင့်ပန်ကြားခြင်းဖြစ်ပါတယ်။ ဦးရွှေမောင်ဟာ မနေ့က အရေးပေါ်မိသားစုကိစ္စတစ်ခုကြောင့် မိမိကိုယ်တိုင်ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ဒီနေ့ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့ တစ်ရက်အား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးအောင်ဆန်း(ပန်းဘဲတန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်မောင်ဝင့်သည် အရေးကြီးသောကိစ္စများ ဆောင်ရွက်ရန်ရှိပါသဖြင့် ယနေ့ ၇-၁၀-၂၀၁၁ ရက်နေ့အား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ပန်းဘဲတန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းမှ လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းမြင့်သည် ၎င်း၏မိခင်မှာအသည်းအသန်ဖြစ်ပြီး စိုးရိမ်ရမည့်အခြေအနေရှိပါ၍ မိခင်ထံသို့သွားရမည်ဖြစ်ပါသောကြောင့် ယနေ့ ၇-၁၀-၂၀၁၁ နေ့ကိုခွင့်တစ်ရက်အဖြစ် ခွင့်ပြုပေးပါရန် ကျောင်းကုန်းမဲဆန္ဒနယ်မှ ကျွန်တော်ဦးသိန်းထွန်းကလေးစားစွာဖြင့်တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၀ ဦး၊ ယနေ့ခွင့်ပြုထားသူ ၅ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၁၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။

ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ကအတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုမေးခွန်းများမေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။ ဦးစွာ ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင်အား မေးမြန်းဖို့ဖိတ်ခေါ် ပါတယ်။

**ဦးသိန်းလွင်(ချောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ကျွန်တော့်အနေနဲ့ ပထမဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါ တယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ချောက်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်း ဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီးမေးမြန်းလိုခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ်၊ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၀ နှင့်အညီ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးကိုအဖွဲ့ဝင် ၉ ဦးဖြင့် ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံတကာလွှတ်တော်အချို့မှာလည်း နိုင်ငံ့ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် အလားတူအဖွဲ့ အစည်းများဖွဲ့စည်းထားကြောင်း လေ့လာတွေ့ရှိရပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ ဖွဲ့စည်းထားပြီးဖြစ်တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံးအနေနဲ့စတင်ဖွဲ့စည်းချိန်မှစပြီး ယနေ့ထိမည်သည့်လုပ်ငန်းတာဝန်များကို မည်ကဲ့သို့

ဆောင်ရွက်နေသည်ကို အများပြည်သူသိရှိနိုင်ရန်အတွက် ဖြေကြားပေးစေလိုပါကြောင်း လေးစားစွာဖြင့်မေးမြန်းအပ်ပါတယ်ခင်ဗျား။ အထူးကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးသိန်းစိုး(ဥက္ကဋ္ဌ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာကြပြီးတော့ တိုင်းကျိုးပြည်ကျိုးဆတက်ထမ်းပိုးတိုးထမ်းရွက်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းဂါရဝပြုအပ်ပါတယ်။ ချောက်မဲဆန္ဒနယ်၊ ဦးသိန်းလွင်ရဲ့မေးခွန်းကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ကျွန်တော်ဦးသိန်းစိုးမှ ရှင်းလင်းပြန်လည်ဖြေကြားပါမယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁)၊ နိုင်ငံတော်အခြေခံမူများ ပုဒ်မ ၄၆ မှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတစ်ရုံး ဖွဲ့စည်းရမယ်လို့ ပြဋ္ဌာန်းထားပြီးတော့ အဲဒီပြဋ္ဌာန်းချက်နှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၀ အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို ဥက္ကဋ္ဌအပါအဝင်အဖွဲ့ဝင်(၉)ဦးဖြင့်ဖွဲ့စည်းထားပါတယ်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနက်အချို့နိုင်ငံများမှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးစသဖြင့်ဖွဲ့စည်းထားတာ စုစုပေါင်း ၇၁ နိုင်ငံရှိကြောင်းတွေ့ရှိရပါတယ်။ ဥရောပနိုင်ငံများမှာ ၃၃ နိုင်ငံ၊ အာရှနိုင်ငံများမှာ ၁၄ နိုင်ငံ၊ အာဖရိကနိုင်ငံများမှာ ၁၅ နိုင်ငံနဲ့ လက်တင်အမေရိကနိုင်ငံများမှာ ၉ နိုင်ငံ၊ စုစုပေါင်း ၇၁ နိုင်ငံရှိကြောင်းတွေ့ရှိရပါတယ်။ အဲဒီတရားရုံးများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအငြင်းပွားမှုများကို အဆုံးအဖြတ်ပေးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုများကိုစစ်ဆေးခြင်း၊ နိုင်ငံရေးပါတီကိစ္စရပ်များကို အဆုံးအဖြတ်ပေးခြင်း၊ နိုင်ငံတကာနှင့်ချုပ်ဆိုတဲ့စာချုပ်စာတမ်းများကိုဥပဒေနှင့်ညီ၊ မညီစစ်ဆေးခြင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးကိစ္စရပ်များကိုအဆုံးအဖြတ်ပေးခြင်း၊ ပြည်တွင်းဥပဒေများမပြဋ္ဌာန်းမီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီ၊ မညီစစ်ဆေးခြင်း၊ စွပ်စွဲပြစ်တင်ခြင်းစတဲ့ကိစ္စရပ်များကို ၎င်းတို့နိုင်ငံအလိုက် ဆောင်ရွက်ကြကြောင်းတွေ့ရှိရပါတယ်။ ၁၉၄၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၅၁ အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအငြင်းပွားမှုများကို တရားလွှတ်တော်ချုပ်က အဆုံးအဖြတ်ပြုခဲ့ပါတယ်။ ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၀၀ အရ ပြည်သူ့လွှတ်တော်ကအခြေခံဥပဒေကို အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်း၊ ဗဟိုနှင့်ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများရဲ့ လုပ်ဆောင်ချက်များ

ဟာ အခြေခံဥပဒေနှင့်ကိုက်ညီခြင်းရှိ၊ မရှိဆုံးဖြတ်ရန်ရှိပါက ပြည်သူ့လွှတ်တော်ကသာ ဆုံးဖြတ်ရမယ်လို့ ပြဋ္ဌာန်းကျင့်သုံးခဲ့ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၁၂ အရ ခုံရုံးရဲ့လုပ်ငန်းတာဝန်များကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်း၊ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့က ပြဋ္ဌာန်းတဲ့ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်းရှိ၊ မရှိစိစစ်ခြင်း၊ ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများရဲ့ အုပ်ချုပ်မှုဆိုင်ရာ အာဏာပိုင်များရဲ့ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း ရှိ၊ မရှိစိစစ်ခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအကြားသော်လည်းကောင်း၊ ပြည်ထောင်စုနှင့်ပြည်နယ်အကြားသော်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အကြားသော်လည်းကောင်း၊ တိုင်းဒေသကြီးအချင်းချင်း၊ ပြည်နယ်အချင်းချင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုအကြား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုအချင်းချင်းဖြစ်ပေါ်တဲ့ ဖွဲ့စည်းပုံအခြေခံဆိုင်ရာအငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတို့က ပြည်ထောင်စုဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတို့ရဲ့အခွင့်အရေးနဲ့ တာဝန်များဆိုင်ရာပေါ်ပေါက်တဲ့ အငြင်းပွားမှုများကိုဆုံးဖြတ်ခြင်း၊ ပြည်ထောင်စုနယ်မြေများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက အကြောင်းကြားလာတဲ့ ကိစ္စရပ်များကိုစိစစ်ဆုံးဖြတ်ခြင်း၊ တရားရုံးတစ်ရုံးကစစ်ဆေးဆဲအမှုများနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၃ နှင့် ခုံရုံးဥပဒေပုဒ်မ ၁၇/၂ တို့အရ တင်ပြလာတဲ့ အငြင်းပွားမှုများကိုအဆုံးအဖြတ်ပေးခြင်း၊ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းတဲ့ဥပဒေများက ပေးအပ်တဲ့တာဝန်များကို ဆောင်ရွက်ခြင်းတို့ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးရဲ့ အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားရယူရန်တင်သွင်းခြင်းကိစ္စရပ်များနဲ့ ပတ်သက်လို့ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌတို့က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံခုံရုံးဥပဒေပုဒ်မ ၁၃ အရ ခုံရုံးကိုတိုက်ရိုက်တင်သွင်းခွင့်ရှိပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီး သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံးရဲ့

အနည်းဆုံး ၁၀ ရာခိုင်နှုန်းအရေအတွက်ရှိတဲ့ ကိုယ်စားလှယ်များကတော့ သတ်မှတ်ထားတဲ့ နည်းလမ်းများနှင့်အညီ ခုံရုံးကိုတင်သွင်းခွင့်ရှိပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးရဲ့ အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်နဲ့ သဘောထားရယူရန်ကိစ္စရပ်များနှင့် စပ်လျဥ်းထား ပြီးတော့သတ်မှတ်ထားတဲ့ ပုဂ္ဂိုလ်များကတင်သွင်းလာတဲ့အခါ စနစ်တကျဆောင်ရွက်နိုင်ရန် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကိုသတ်မှတ်နိုင်ဖို့အတွက် ဥက္ကဋ္ဌနဲ့အဖွဲ့ဝင်များဟာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနည်းဥပဒေကိုညှိနှိုင်းရေးဆွဲပြီးတော့ ခုံရုံးအမိန့်ကြော်ငြာစာအမှတ် ၃၀/၂၀၁၁၊ ၂၈-၆-၂၀၁၁ ရက်နေ့မှာ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၃ နဲ့ ၃၁၇ ပါ ပြဋ္ဌာန်းချက်တို့အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်အောက်ရှိ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးများကို သက်ဆိုင်ရာမြို့နယ်ခွဲများမှာဖြစ်ပွားတဲ့ ပြစ်မှုဆိုင်ရာ အမှုများနဲ့စပ်လျဥ်း၍ စီရင်ပိုင်ခွင့်အာဏာအပ်နှင်းခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ညီညွတ်ခြင်း ရှိ၊ မရှိ။ ခုံရုံး၏အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားရယူရန်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၂၅(င)နှင့်အညီ ခုံရုံးကိုတင်သွင်းလွှာပေးပို့ခဲ့ပါတယ်။ ခုံရုံးဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်အားလုံး ပါဝင်တဲ့ခုံရုံးဟာ ပြည်ထောင်စုတရားသူကြီးချုပ်က တင်သွင်းလာတဲ့တင်သွင်းလွှာ(၁/၂၀၁၁)အပေါ် ၁-၇-၂၀၁၁ ရက်နေ့မှာ နှစ်ဘက်ကြားနာပြီး ၁၄-၇-၂၀၁၁ ရက်နေ့မှာ ခုံရုံးကအပြီးသတ်ဆုံးဖြတ်ချက် ချခဲ့ပါတယ်။ အဲဒီဆုံးဖြတ်ချက်ကို ၁၂-၈-၂၀၁၁ ရက်နေ့မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြန်တမ်းအတွဲ ၆၄၊ အမှတ်စဥ် ၃၂၊ အပိုင်း ၁ မှာ ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ အဲဒီဆုံးဖြတ်ချက်ကတော့ နိုင်ငံတော်အခြေခံမူများပြဋ္ဌာန်းချက်များအရ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာများကို ပိုင်းခြားသုံးစွဲရမည်ဖြစ်ပြီး တရားစီရင်ရေးအာဏာကို ကျင့်သုံးမယ့် တရားရုံးအဆင့်ဆင့်နဲ့တရားသူကြီးများ ခန့်ထားရေးနှင့်စပ်လျဥ်း၍လည်း တိတိကျကျသတ်မှတ် ပြဋ္ဌာန်းထားပြီးဖြစ်သည့်အလျောက် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးများအား အုပ်ချုပ်ရေးအာဏာအပြင် တရားစီရင်ရေးအာဏာကိုပါ အပ်နှင်းမည်ဆိုပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှု ရှိမည်မဟုတ်ပေဆိုပြီးတော့ ကျွန်တော်တို့ဆုံးဖြတ်ခဲ့ပါတယ်။ ခုံရုံးဟာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၁၂ ပါလုပ်ငန်းတာဝန်များကို ထိရောက်အောင်မြင်စွာဆောင်ရွက် နိုင်ရေးအတွက်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၊ ခုံရုံးတို့ရဲ့လုပ်ငန်းများကို သုတေသနပြုလေ့လာခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အတွေ့အကြုံဗဟုသုတနဲ့ အတွေးအခေါ်

မြော်မြင်မှုသဘောတရားတိုးပွားလာစေရန်အတွက်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးရဲ့လုပ်ငန်းတွေကို စဉ်ဆက်မပြတ်တိုးတက်ဖြစ်ပွားလာစေရန်အတွက်လည်းကောင်း အစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေဖို့အတွက် သုတေသနစာတမ်းများကိုတစ်ပတ်လျှင်တစ်ကြိမ်ဖတ်ကြားပြီး ဆောင်ရွက်နေပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဟာ ဝန်ကြီးဌာနအသီးသီးတို့နဲ့ သက်ဆိုင်တဲ့ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး၊ လုပ်နည်းနှင့်ညွှန်ကြားချက်များကို လေ့လာလျက်ရှိပါတယ်။ သို့သော်လည်း ယင်းဥပဒေ၊ လုပ်ထုံး၊ လုပ်နည်း၊ ညွှန်ကြားချက်များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှု ရှိ၊ မရှိ ဆုံးဖြတ်ခြင်း၊ သဘောထားပေးခြင်းတို့ကို မိမိသဘောအလျောက်ထုတ်ပြန်နိုင်ခွင့်မရှိပါဘူး။ ခုံရုံးရဲ့အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်နဲ့ သဘောထားရယူရန် ကိစ္စများပေါ်ပေါက်လာပါက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၅ နဲ့ ခုံရုံးဥပဒေပုဒ်မ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇ ပါပြဋ္ဌာန်းချက်များနှင့်အညီခုံရုံးကိုတင်သွင်းလွှာများတင်သွင်းလာတဲ့အခါမှသာ ကြားနာဆုံးဖြတ်ပေးနိုင်မှာဖြစ်ပါတယ်။အဲဒီအတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတာဝန်ကိုထမ်းဆောင်လျက်ရှိကြောင်းတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးထွန်းမြင့်ဦး၊ မိုင်းပန်မဲဆန္ဒနယ်မှမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းမြင့်ဦး(မိုင်းပန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့မိုင်းပန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဦးထွန်းမြင့်ဦးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်တောင်ပိုင်း၊ မိုင်းပန်မြို့နယ်နဲ့ ရှမ်းပြည်အရှေ့ပိုင်း၊ မိုင်းတုံမြို့နယ်အကြား တာဆန်းတံတား၊ တာဆန်းကျေးရွာမြောက်ဘက် သံလွင်မြစ်ပေါ်မှာ တာဆန်းရေအားလျှပ်စစ်စီမံကိန်းအတွက်ရေကာတာများ တည်ဆောက်မယ်လို့သိရှိရပါတယ်။ အဆိုပါရေကာတာကို မြန်မာနိုင်ငံမှ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနဲ့ တရုတ်နိုင်ငံမှ Three Gorges ကုမ္ပဏီ၊ ထိုင်းနိုင်ငံမှ EGAT ကုမ္ပဏီတို့ ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလမတိုင်မီက စာချုပ်လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြပြီး ထုတ်လုပ်နိုင်မယ့် ရေအားလျှပ်စစ်ပမာဏမှာ ၇၁၁၀ မီဂါဝပ်ဖြစ်ကြောင်းသိရှိရပါတယ်။ တည်ဆောက်မယ့်တာဆန်းရေကာတာဟာ မဲခေါင်ဒေသလျှပ်စစ်ဓာတ်အားလိုင်းစီမံကိန်းမှာ တစ်ခုအပါအဝင်လည်းဖြစ်ပါတယ်။ တာဆန်းမှ ၅၀၀ ကီလိုဝပ်စွမ်းအားရှိ မဟာဓါတ်အားလိုင်းကြီးနှစ်လိုင်းအား၊ ထိုင်းနိုင်ငံမှတဆင့် မဲခေါင်ဓာတ်အားလိုင်းဘက်သို့သွယ်တန်းရန် လျာထားခဲ့ကြောင်း

လည်းသိရှိရပါတယ်။ မဲခေါင်စီမံကိန်းကို အာရှဖွံ့ဖြိုးရေးဘဏ် ADB က ဦးဆောင် အကောင်အထည်ဖော်နေခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ မိုင်းပန်မြို့နယ်က ပြည်သူလူထုများသိလိုတဲ့ အောက်ပါမေးခွန်း ၄ ခုအား မေးမြန်းအပ်ပါတယ်။ (၁) တာဆန်းရေကာတာနှင့် ထိုင်းနိုင်ငံ-မဲခေါင်လျှပ်စစ်လိုင်းကို ဆက်သွယ်မည့် လျှပ်စစ်ဓာတ်အားလိုင်းတည်ဆောက်မှုမည်သည့်အခြေအနေသို့ ရောက်ရှိနေပါပြီနည်း။ (၂) မိမိနိုင်ငံတော်အစိုးရမှကုန်ကျမည့်စရိတ်မှာ မည်မျှရှိပါသနည်း။ (၃) မိမိပြည်သူများအပေါ် မည်ကဲ့သို့အကျိုးရှိနိုင်ပါသနည်း။ (၄) လျှပ်စစ်လိုင်းတည်ဆောက်ခြင်းနှင့် ရေကာတာများတည်ဆောက်ခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ပတ်ဝန်းကျင်ကျေးရွာလူထုအပေါ် ဆိုးကျိုးများရှိလာနိုင်ပါမည်လားသိရှိလိုပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးဇော်မင်း(ပြည်ထောင်စုဝန်ကြီး၊အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်းကောင်းတောင်းနှုတ်ဆက်ဂါရဝပြုအပ်ပါတယ်။ ရှမ်းပြည်နယ်၊ မိုင်းပန်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်ဦး မေးမြန်းတဲ့မေးခွန်းမှာ အချက်လေးချက် ပါဝင်ပါတယ်။ မေးခွန်းများကိုမဖြေကြားမီမှာ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရတဲ့လုပ်ငန်းစဉ်ကို ပထမဦးစွာရှင်းပြပါမယ်။ စီမံကိန်းတစ်ခုတည်ဆောက် အကောင်အထည်ဖော်ခွင့် ခွင့်ပြုချက်ရရှိရေးအတွက် နားလည်မှုစာချွန်လွှာ၊ သဘောတူညီမှု စာချွန်လွှာ၊ နှစ်ဘက်အကျိုးတူပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်စသည်တို့ကို အဆင့်ဆင့်တင်ပြခွင့်ပြုချက်ရယူပြီးမှသာ အကောင်အထည်ဖော်ဆောင်ရွက်တဲ့လုပ်ငန်းစဉ်ဖြစ်ပါတယ်။ ရှေးဦးစွာ စီမံကိန်းရဲ့ ဖြစ်မြောက်နိုင်စွမ်း ရှိ၊ မရှိ စူးစမ်းလေ့လာဖို့ရာအတွက် နားလည်မှုစာချွန်လွှာကိုလက်မှတ်ရေးထိုးရပါတယ်။ နားလည်မှုစာချွန်လွှာအရ သတ်မှတ်ပေးတဲ့ကာလ ၂ နှစ် ၆ လအတွင်းမှာ ဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာကိုပြုစုတင်ပြရပါတယ်။ အဲဒီလိုစူးစမ်း လေ့လာတဲ့ကာလအတွင်းမှာပဲ စီမံကိန်းကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အပေါ်သက်ရောက်မှုကို ဆန်းစစ်လေ့လာကြရပါတယ်။ စီမံကိန်းဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာကိုတင်ပြလာ၍အတည်ပြုပြီးဖြစ်ပါက အကြိုတည်ဆောက်ရေးလုပ်ငန်းများစတင်ပြီးတော့ စီမံကိန်းမှစီးပွားရေးအရတွက်ခြေကိုက်မှု ရှိ၊ မရှိ စီးပွားရေးဆိုင်ရာဆန်းစစ်မှုပြုလုပ်ရပါတယ်။ စီးပွားရေးတွက်ခြေကိုက်မှုရှိပါက သဘောတူညီမှုစာချွန်လွှာကို လက်မှတ်ရေးထိုးရပါတယ်။ ပြီးမှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ လုပ်ငန်းလုပ်ကိုင်ခွင့်

ရယူပြီးတော့ နှစ်ဘက်အကျိုးတူပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်ကို လက်မှတ်ရေးထိုး ရပါတယ်။ အချိန်ကာလအားဖြင့် ၃ နှစ်ကျော်ကြာမြင့်ပါတယ်။ ဖော်ပြပါနားလည်မှုစာချွန်လွှာ၊ သဘောတူညီမှုစာချွန်လွှာ၊ နှစ်ဘက်အကျိုးတူပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်များကို လက်မှတ်ရေးထိုးရာမှာလည်း အစိုးရအဖွဲ့ရဲ့သဘောတူညီချက်၊ တည်ဆဲဥပဒေစည်းမျဉ်းစည်းကမ်း များနှင့်အညီ ဆောင်ရွက်ရပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမေးမြန်းသော တာဆန်းရေအားလျှပ်စစ်စီမံကိန်းမှာ ယခင်ထိုင်းနိုင်ငံမှ MDX ကုမ္ပဏီနှင့်ဆောင်ရွက်ရန် နှစ်ဘက်အကျိုးတူပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ချုပ်ဆိုထားခဲ့သော်လည်း MDX ကုမ္ပဏီသည်စာချုပ်ပါအတိုင်း အကောင်အထည် မဖော်နိုင်သဖြင့် မြန်မာဘက်မှ၎င်းကုမ္ပဏီအားတရားစွဲဆိုဆောင်ရွက်လျက်ရှိကြောင်းနှင့် ၎င်းစီမံကိန်း အစား ပိုမိုသင့်လျော်သောနေရာတွင် အထက်သံလွင်(မိုင်းတုံ) ရေအားလျှပ်စစ်စီမံကိန်းအဖြစ် အကောင်အထည်ဖော်တည်ဆောက်ရန်အတွက် မြန်မာနိုင်ငံကိုယ်စား အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနလက်အောက်ရှိ ရေအားလျှပ်စစ်စီမံကိန်းဦးစီးဌာနနှင့် တရုတ်နိုင်ငံ China Three Gorges Corporation ထိုင်းနိုင်ငံ Electrity Generation Authority of Thailand (EGAT) ပြည်တွင်းတိုင်းရင်းသားကုမ္ပဏီဖြစ်သော International Group of Entrepreneurs Co.,Ltd.(IGOEC) တို့ဟာ အစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် ၄၂/၂၀၁၀ မှ ခွင့်ပြုချက်အရ စီမံကိန်းဆောင်ရွက်ရန်ဖြစ်နိုင်၊ မဖြစ်နိုင်စူးစမ်းလေ့လာရန်အတွက် နားလည်မှုစာချွန်လွှာကို ၁၀-၁၁-၂၀၁၀ ရက်နေ့မှာလက်မှတ်ရေးထိုးပြီး စူးစမ်းလေ့လာနေဆဲဖြစ်ပါတယ်။ သို့ဖြစ်၍ လွှတ်တော် ကိုယ်စားလှယ်ကြီးမေးမြန်းသည့်ကိစ္စရပ်များနှင့်ပတ်သက်၍ စီမံကိန်းဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိ စူးစမ်းလေ့လာမှုများပြုလုပ်နေဆဲအချိန်သာဖြစ်သည့်အတွက် မေးခွန်းများပါ အချက်အလက်များ မည်သည့်ကိစ္စကိုမှလုပ်ဆောင်ခြင်းမရှိသေးကြောင်း ဖြေကြားအပ်ပါတယ်။

(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာစိုင်းကျော်အုန်း၊ နမ့်ခမ်းမဲဆန္ဒနယ်မှမေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုင်းကျော်အုန်း( နမ့်ခမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားသောဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့်ခညောင်းကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်ခမ်းမဲဆန္ဒနယ် ဒေါက်တာစိုင်းကျော်အုန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်မှ ခရီးသွားဧည့်သည်တော်များ ပြည်ထောင်စုသမ္မတမြန်မာ

နိုင်ငံတော်ကို လာရောက်လည်ပတ်မှုနဲ့စပ်လျဉ်းပြီး မေးခွန်းနှစ်ခုမေးမြန်းသွားမှာဖြစ်ပါတယ်။ ဦးတ္တဌကြီးခင်ဗျား။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်၊ ရွှေလီမြို့ ဂျယ်ကောင်ဝင်ပေါက်ကနေ ပြီးတော့ တရုတ်ခရီးသွားဧည့်သည်များဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြောက်ပိုင်း ရှမ်းပြည်မှာရှိတဲ့ မူဆယ်မြို့နဲ့ နမ့်ခမ်းမြို့တို့ကို နေ့ချင်းပြန်ခရီးစဉ်များအနေဖြင့် လာရောက်လည်ပတ် ကြပါတယ်။ ၎င်းနေ့ချင်းပြန်ခရီးစဉ်ဟာ ၁၉၉၂ ခုနှစ်ကစပြီးတော့ ၁၆-၉-၂၀၀၉ ရက်နေ့ထိ ၁၇ နှစ် ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ ခရီးသွားဧည့်သည်တစ်ယောက်အတွက် နိုင်ငံတော်ကကောက်ခံရရှိတဲ့ငွေ များမှာ လုဝင်မှုကြီးကြပ်ရေးဌာနအတွက် တစ်ယောက်ကို ယွမ်ငွေ ၅၀၀၊ မြန်မာငွေ ကျပ် ၈၀၀၀ ခန့်ရရှိခဲ့ပါတယ်။ ဟိုတယ်နဲ့ခရီးသွားဝန်ကြီးဌာနအတွက် တစ်ယောက်ကို ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ အထိ တရုတ်ယွမ်ငွေ ၃၀၀၊ မြန်မာငွေကျပ် ၅၅၀၀ ခန့်ရရှိခဲ့ပြီး ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလက စပြီးတော့ တစ်ယောက်ကိုမြန်မာငွေကျပ် ၁၀၀၀ သို့တိုးမြှင့်ကောက်ခံခဲ့ပါတယ်။ နိုင်ငံတော်အတွက် ကောက်ခံရရှိတဲ့ငွေများကို ဘဏ္ဍာရေးနှစ်အလိုက် နမူနာအနေနဲ့ နှစ်အနည်းငယ်ဖော်ပြရမယ်ဆိုရင် ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်မှာဧည့်သည် ၄၅၀၈၈ ယောက်လာရောက်ခဲ့ပြီးတော့ နိုင်ငံတော်ရဲ့ ဝင်ငွေမှာ တရုတ်ယွမ်ငွေစုစုပေါင်း ၃၆၀၇၀၄ ယွမ်ဖြစ်တဲ့အတွက် မြန်မာငွေကျပ်သိန်းပေါင်း ၆၀၀ ခန့်ရရှိခဲ့ပါတယ်။ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်မှာ ဧည့်သည် ၄၄၈၈၃ ယောက်လာခဲ့ပြီး နိုင်ငံတော်ရဲ့ဝင်ငွေမှာ တရုတ်ငွေစုစုပေါင်း ၃၅၄၀၆၄ ယွမ်ဖြစ်တဲ့အတွက် မြန်မာငွေကျပ်သိန်းပေါင်း ၅၉၈ သိန်းရရှိခဲ့ပါတယ်။ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်မှာလည်း ဧည့်သည် ၅၇၀၀၈ ယောက်လာခဲ့ပြီး နိုင်ငံတော်ရဲ့ဝင်ငွေမှာ တရုတ်ယွမ်ငွေစုစုပေါင်း ၄၁၁၀၄၉ ယွမ် မြန်မာငွေအနေနဲ့မြန်မာငွေ ၁၁၂၅၃၇၅၀ ရရှိခဲ့အတွက် စုစုပေါင်းမြန်မာငွေကျပ်သိန်းပေါင်း ၇၉၇ သိန်းခန့် ရရှိခဲ့ပါတယ်။ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်မှာ ဧည့်သည် ၈၂၁၈၅ ယောက်လာခဲ့ပြီး နိုင်ငံတော်ရဲ့ဝင်ငွေမှာ မြန်မာကျပ်ငွေသိန်းပေါင်း ၁၃၁၁ သိန်းခန့်ရရှိခဲ့ပါတယ်။ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်မှာ စက်တင်ဘာလ ၁၆ ရက်အထိ ဧည့်သည် ၄၁၃၁၂ ယောက်လာရောက်ခဲ့ပြီးတော့ နိုင်ငံတော်ရဲ့ ဝင်ငွေမှာ ကျပ်သိန်းပေါင်း ၇၅၀ သိန်းခန့်ဖြစ်ပါတယ်။ အထက်ဖော်ပြပါ နိုင်ငံတော်မှ ကောက်ခံရရှိတဲ့ဝင်ငွေများကိုထောက်ရှုခြင်းအားဖြင့် နေ့ချင်းပြန်ခရီးစဉ်ဟာ နိုင်ငံတော်အတွက် ဝင်ငွေအတော်အသင့်ရရှိခဲ့တာကိုတွေ့မြင်ရပါတယ်။ သို့ပါသော်လည်း ဦးတ္တဌကြီးခင်ဗျား။ ၁၇-၉-၂၀၀၉ ရက်နေ့ကစပြီးတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်၊ ရွှေလီမြို့မှာရှိတဲ့ ပြည်သူ့ရဲစခန်းကနေပြီးတော့ Border Pass နယ်နိမိတ်ဖြတ်သန်းခွင့်စာအုပ်ကုန်ဆုံးတဲ့ အကြောင်းပြချက်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်မှ နေ့ချင်းပြန်ခရီးသွားဧည့်သည်များ မူဆယ်နဲ့

နမ့်ခမ်းမြို့များသို့ လှည့်လည်လေ့လာရေးခရီးမလာရောက်နိုင်ခဲ့သည်မှာ ယနေ့အထိ ၂ နှစ်တောင်ကျော်ခဲ့ပြီဖြစ်ပါတယ်။ ဒီအတွက်ကြောင့် ပထမမေးခွန်းအနေနဲ့ ကျွန်တော်တို့နိုင်ငံတော်ရဲ့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်ရဲ့ ဧည့်ကြိုနှင့် ခရီးသွားဝန်ကြီးဌာနဝန်ကြီးနဲ့ နေ့ချင်းပြန်ခရီးစဉ်အတွက် ဆွေးနွေးတိုင်ပင်အဖြေရှာဖို့တိုက်တွန်းလိုပါတယ်။ ဤတိုက်တွန်းချက်ကို အကောင်အထည်ဖော်ရန်အစီအစဉ် ရှိ၊ မရှိ သိလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မန္တလေး၊ ရန်ကုန်သို့လာရောက်လည်ပတ်ခဲ့တဲ့ ခရီးဝေးခရီးစဉ် ၂၁ ရက်အတွက် မူဆယ်မြို့ ဂျယ်ကောင်ဝင်ပေါက်ကနေပြီးတော့ဝင်ရောက်ရာမှာ Passport ၊ Visa ရရှိနိုင်ဖို့ ၁၇-၇-၂၀၀၉ ရက်နေ့ကစပြီးတော့ ယနေ့အထိ၊ ယခင် ကက(ကြည်း) ယခု ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ ခွင့်ပြုချက်ရယူရာမှာ ရက်သတ္တတစ်ပတ်အချိန်ကြာခဲ့တာကိုမစောင့်နိုင်ကြတဲ့အတွက် လာရောက်လည်ပတ်မယ့် တရုတ်ဧည့်သည်တော်များ တော်တော့်ကိုလျော့နည်းသွားပြီး နိုင်ငံတော်အတွက်လည်းများစွာနစ်နာခဲ့ရပါတယ်။ ဒါကြောင့် ဒုတိယမေးခွန်းအနေနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခရီးဝေးဧည့်သည်များ မူဆယ်မြို့၊ ဂျယ်ကောင်ဝင်ပေါက်မှဝင်ရောက်ရာတွင် လွယ်ကူချောမွေ့ပြီး ဧည့်သည်တော်များများလာရောက်လည်ပတ်စေရန် ယခင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးခွင့်ပြုချက်များ လျော့ပေါ့ပေးကာ ၂၀၀၆ ခုနှစ်၊ အစောပိုင်းကာလများအတိုင်း Entry Permit Passport တို့ဖြင့် မန္တလေး၊ ရန်ကုန်မြို့များအထိသွားလာလည်ပတ်ခွင့်ပြုနိုင်ပါရန် အစီအစဉ် ရှိ၊ မရှိ သိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးဌေးအောင်(ဒုတိယဝန်ကြီး၊ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ရှမ်းပြည်နယ်၊ နမ့်ခမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းကျော်အုန်းမှ ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ ၁၇-၉-၂၀၁၉ ရက်နေ့မှစပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်၊ ရွှေလီမြို့ရှိ ပြည်သူ့ရဲစခန်းမှ Border Pass နယ်နိမိတ်ဖြတ်သန်းခွင့်စာအုပ် ကုန်ဆုံးသည့်အကြောင်းပြချက်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နေ့ချင်းပြန်ဧည့်သည်များ မူဆယ်၊ နမ့်ခမ်းသို့ လေ့လာရေးခရီးများမလာရောက်နိုင်ခဲ့သည်မှာ ယနေ့ထိ ၂ နှစ်နီးပါးရှိခဲ့ပြီဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်ကြိုနှင့်ခရီးသွားလာရေးဝန်ကြီးဌာနဝန်ကြီးနှင့် ဆွေးနွေးတိုင်ပင်အဖြေရှာဖို့တိုက်တွန်းလိုပါသည်။ ဤတိုက်တွန်းချက်ကိုအကောင်အထည်ဖော်ရန်အစီအစဉ် ရှိ၊ မရှိ နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ခရီးဝေးဧည့်သည်များ မူဆယ်မြို့ ဂျယ်ကောင်ဝင်ပေါက်မှ ဝင်ရောက်ရာတွင် လွယ်ကူချောမွေ့ပြီး ဧည့်သည်များများလာရောက်လည်ပတ်စေရန် ယခုပြည်ထောင်စုအစိုးရအဖွဲ့ရုံးခွင့်ပြုချက်များ လျှော့ပေါ့ပေးကာ ၂၀၀၆ ခုနှစ် အစောပိုင်းကာလများအတိုင်း Entry Permit Passport တို့ဖြင့် မန္တလေး၊ ရန်ကုန်မြို့များအထိ သွားလာလည်ပတ်ခွင့်ပြုပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းအား ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား၊ ကျွန်တော်ဒုတိယဝန်ကြီး ဦးဌေးအောင်မှ ပြန်လည်ဖြေရှင်းသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့အကြား နယ်စပ်ဒေသခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန် မြန်မာနိုင်ငံဘက်တွင် မူဆယ်၊ နမ့်ခမ်း၊ ကြူကုတ်၊ ပန်ဆိုင်း၊ ချင်းရွှေဟော်၊ လွယ်ဂျယ်နှင့် ကန်ပိုက်တီးစတဲ့ဝင်ပေါက်များကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါတယ်။ တစ်ဘက်နိုင်ငံမှ ဧည့်သည်များသည် ယင်းဝင်ပေါက်များမှ တစ်ဆင့် နေ့ချင်းပြန်ညဥ့်အိပ်ခရီးစဉ်များဖြင့်ဝင်ရောက်ခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလမှာ တစ်ဘက်နိုင်ငံမှ Border Pass စာအုပ်အသစ်ပြန်လည်ရိုက်နှိပ်ရန်အကြောင်းပြချက်ဖြင့် တရုတ်ခရီးသည်များ မြန်မာနိုင်ငံအတွင်းနေ့ချင်းပြန်လည်ပတ်မှုကိုရပ်ဆိုင်းခဲ့ခြင်းဖြစ်ပါတယ်။ ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနအနေဖြင့် နှစ်ဘက်ခရီးသွားလုပ်ငန်းကုမ္ပဏီများအကြားဖြေရှင်းဆောင်ရွက်စေခြင်း၊ ဒေသအတွင်းခရီးသွားလုပ်ငန်းဌာနအချင်းချင်းညှိနှိုင်းခြင်းများပြုလုပ်ခဲ့ပါတယ်။ ထို့အပြင် ပေကျင်းရှိ တရုတ်အမျိုးသားခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှုဌာနနှင့်လည်း ဆက်သွယ်မေးမြန်းဆောင်ရွက်လျက်ရှိပါတယ်။ တရုတ်ဧည့်သည်များအနေဖြင့် Border Pass Entry Permit တို့ဖြင့်မဝင်ရောက်နိုင်သော်လည်း Passport ဗီဇာဖြင့် ဝင်ရောက်လည်ပတ်ခွင့်ရှိပါတယ်။ Passport ဗီဇာဖြင့် ဝင်ရောက်လည်ပတ်ရာတွင် မန္တလေးရန်ကုန်အတွင်းပိုင်းခရီးစဉ်များအတွက်ခွင့်ပြုချက်ရရှိရန် ၇ ရက်ကျော်ခန့်ကြာမြင့်သည်မှာ သက်ဆိုင်ရာခရီးသွားလုပ်ငန်းကုမ္ပဏီမှ ခရီးသည်များ၏မှတ်တမ်းနှင့် ခရီးစဉ်စာရွက်စာတမ်းများကို နေပြည်တော်သို့ချောစာဖြင့်ပို့ဆောင်ခြင်း၊ ဝန်ကြီးဌာနမှအထက်ဌာန၏ခွင့်ပြုချက်ရယူခြင်း၊ ရရှိသောခွင့်ပြုချက်ကို မူဆယ်ရုံးခွဲသို့ပို့ဆောင်ရခြင်းတို့ကြောင့်ဖြစ်ပါတယ်။ ယခုအခါ မူဆယ်ရှိဝန်ကြီးဌာန၏ မြန်မာ့ခရီးသွားလုပ်ငန်းရုံးတွင် အင်တာနက်လိုင်းတပ်ဆင်ထားပြီး အီးလ်မေးစနစ်ဖြင့်ပို့ဆောင်လုပ်ကိုင်နေပြီဖြစ်တဲ့အတွက်ခရီးစဉ်တကယ်ဆောင်ရွက်တဲ့အခါမှာ ၃ ရက်ခန့်အတွင်းရရှိနိုင်မှာဖြစ်ပါတယ်။ ထို့အပြင် ရွှေလီမြို့အနီးလေဆိပ်ရှိတဲ့မန်စီမြို့မှာ ပြည်ဝင်ခွင့်ဗီဇာဝန်ဆောင်မှုရုံးဖွင့်လှစ်ဆောင်ရွက်နိုင်ရန် နှစ်နိုင်ငံစည်းမျဉ်းများအရ ဖြစ်နိုင်ခြေရှိ၊ မရှိကို

သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ညှိနှိုင်းပြီးအထက်ဌာနသို့ တင်ပြဆောင်ရွက်ရန်စီစဉ်လျက်ရှိပါတယ်။ မကြာခင် အောက်တိုဘာလ၊ လကုန်ပိုင်းမှာကျင်းပမယ့် China International Traverl Mark မှာလည်း ဝန်ကြီးဦးဆောင်တဲ့ကိုယ်စားလှယ်အဖွဲ့တက်ရောက်ရန်အစီအစဉ်ရှိပြီး ယင်းပြပွဲမှာလည်း သက်ဆိုင်ရာဝန်ကြီးဌာနကိုယ်စားလှယ်များနဲ့ ယခုကိစ္စများကို နှစ်နိုင်ငံအကျိုးတူပူးပေါင်း ဆက်လက်ဆောင်ရွက်လုပ်ကိုင်နိုင်ရန်စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော့်အနေဖြင့် တင်ပြချက်ဖြည့်စွက်အကြံပြုတင်ပြချင်တာကတော့ မူဆယ်နမ့်ခမ်းဒေသမှာ entry permit border pass တို့နဲ့ တစ်ဖက်ခရီးသည်တွေကို ၁၉၉၂ ခုနှစ်ကစပြီး border tourism အတွက်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ၁၀ နှစ်တာအတွင်းမှာ ဧည့်သည်ဝင်ရောက်မှုအထိုက်အလျောက်ရှိလာသော်လည်း မလိုလားအပ်တဲ့ပြဿနာများလည်းပေါ်ပေါက်ခဲ့ပါတယ်။ ဒါကြောင့်လည်း သက်ဆိုင်ရာအစိုးရဌာနက entry permit ကိုကန့်သတ်လိုက်ရခြင်းဖြစ်ပါတယ်။ border pass ကတော့ ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်း တစ်ဖက်နိုင်ငံရှိ သက်ဆိုင်ရာအဖွဲ့အစည်းကရပ်တန့်လိုက်တာဖြစ်ပါတယ်။ Immediate Cause အနေနဲ့ စာအုပ်ကုန်ဆုံးတာဖြစ်သော်လည်း အခြားအကြောင်းအချက်များရှိနေမှာဖြစ်ပါတယ်။ ဒါကြောင့် ခရီးသွားလုပ်ငန်းလုပ်ကိုင်ရာမှာ လုပ်ငန်းရှင်များအနေနဲ့ မိမိအကျိုးစီးပွားတစ်ခုတည်းသာမက နိုင်ငံတော်အကျိုး၊ ပြည်သူများအကျိုးမျှော်ကိုးပြီး အတ္တပရမ္မတစ္စာကြိုးပမ်းလုပ်ကိုင်ရန်လိုအပ်သလို အစိုးရအဖွဲ့အစည်းများရဲ့လုပ်ငန်းတာဝန်များကိုလည်း အနှောင့်အယှက်မဖြစ်အောင် ဂရုတစိုက်လုပ်ကိုင်ပေးရန်လိုအပ်ကြောင်းတင်ပြလိုပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်၊ နမ့်ခမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းကျော်အုန်း မေးမြန်းထားသော မေးခွန်း ၁ ဖြစ်တဲ့ တရုတ်နိုင်ငံမှ border pass ရရှိရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တရုတ်အမျိုးသားခရီးသွားလုပ်ငန်း စီမံခန့်ခွဲမှုဌာနနှင့် ညှိနှိုင်းလျက်ရှိပါကြောင်းနှင့် မေးခွန်း(၂) ဖြစ်သည့် တရုတ်နိုင်ငံမှ ဧည့်သည်များ မြန်မာနိုင်ငံသို့ passport Visa ဖြင့်လာရောက်ရာတွင် အချိန်ကြန့်ကြာမှုဖြစ်ပေါ်နေခြင်းကို Internet ၊ E-mail စနစ်တပ်ဆင်အသုံးပြုခြင်းဖြင့် ရက်အနည်းငယ်ခန့်အတွင်း ဆောင်ရွက်ပေးနိုင်တော့မှာဖြစ်ပါကြောင်း မြန်မာနိုင်ငံမှထုတ်ပေးသည့် entry permit ဖြင့် ယခင်အတိုင်း မန္တလေး၊ ရန်ကုန်မြို့များအထိ လာရောက်လည်ပတ်နိုင်ရေးအတွက်ကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအောင်ဆန်း၊ ပန်းပဲတန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဆန်း(ပန်းပဲတန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ အထူးဖိတ်ကြားထားသောဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းပဲတန်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပတ်သက်ပြီးတော့ မေးခွန်းများမေးမြန်းမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်မီးသတ်တပ်ဖွဲ့ဟာ ပြည်သူတို့ရဲ့ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးမှာ အရေးပါတဲ့အဖွဲ့အစည်းဖြစ်ပါတယ်။ မီးလောင်ကျွမ်းလျှင်လည်းမီးငြိမ်းသတ်ရာမှာ အားကြိုးမာန်တက်အသက်စွန့်ပြီးတော့ မီးသတ်တပ်ဖွဲ့များဟာ ငြိမ်းသတ်တာကိုတွေ့ရသလို သဘာဝဘေးအန္တရာယ်များဖြစ်ကြတဲ့ ရေကြီး၊ တစ်ခါ လေမုန်တိုင်းတိုက်၊ ငလျင်လှုပ်ရင်လည်း မီးသတ်တပ်ဖွဲ့များ အစဉ်အမြဲဝင်ရောက်ကူညီနေတာကိုလည်းတွေ့ရှိရပါတယ်။ ဒါကြောင့် လူသားတို့ရဲ့ဘေးအန္တရာယ်ကြုံတိုင်း မီးသတ်တပ်ဖွဲ့ဟာ မရှိမဖြစ် လိုအပ်သောအဖွဲ့အစည်းဖြစ်တယ်ဆိုတာ အလေးအနက်ပြောကြားလိုပါတယ်။ တစ်နည်းအားဖြင့် ပြည်သူများအားကိုးအားထားပြုကြတဲ့ အဖွဲ့အစည်းဆိုရင်လည်းမမှားပါဘူး။ ထိုကဲ့သို့သော အန္တရာယ်များမှာ မီးလောင်မှုအန္တရာယ်ဟာ အများဆုံးသောအန္တရာယ်ကြီးဖြစ်ကြောင်းတွေ့ရှိရပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ မြန်မာနိုင်ငံမြို့ကြီးများဖြစ်တဲ့ ရန်ကုန်မြို့နှင့် မန္တလေးမြို့များမှာ အထပ်မြင့်အဆောက်အအုံများဟာ အလွန်များပြားလာတာကိုတွေ့ရပါတယ်။ ၁၉၉၀ ခုနှစ် မတိုင်ခင်တုန်းက ၄ ထပ်အဆောက်အဦဟာအမြင့်ဆုံးဖြစ်ပေမယ်လို့ ယခုအချိန်မှာ ၄ ထပ်အဆောက်အဦဟာ အနိမ့်ဆုံးအဆောက်အဦအဖြစ်ရောက်ရှိသွားပါပြီ။ လွန်ခဲ့သောတစ်နှစ်ကျော်က မန္တလေးမြို့တွင် မီးလောင်သောဈေးကြီးမှာ အထပ်မြင့်သောဈေးကြီးဖြစ်ပါတယ်။ ထို့အတူ ယမန်နှစ်က ရန်ကုန်မြို့တွင် လောင်ကျွမ်းသောမီးလောင်မှုမှာလည်း အထပ်မြင့်သော၊ အလွန်ကြီးသောဈေးကြီးဖြစ်ပါ၍ ဆုံးရှုံးမှုတန်ဖိုးအလွန်များပြားခဲ့ပါတယ်။ လူနေအထပ်မြင့်အဆောက်အဦများကို မီးလောင်မည်ဆိုရင်တော့ ထွက်ပေါက်များထွက်ရန်ခက်ခဲပြီး အသက်ဆုံးရှုံးသည်အထိဖြစ်ရပ်များ ရှိခဲ့သည်ကိုလည်းတွေ့ရှိရပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုကဲ့သို့ မီးလောင်မှုများဖြစ်၍ မီးငြိမ်းသတ်ရာတွင် အချက် ၃ ချက်သည် အရေးကြီးတယ်ဟု ကျွန်တော့်အနေနဲ့ယူဆပါတယ်။ တစ်အချက်ကတော့ ခေတ်မီသောမီးသတ်ယာဉ်များရှိရပါမယ်။ နောက်တစ်ချက်ကတော့ ကျွမ်းကျင်သောမီးသတ်ရဲဘော်များ

ရှိရပါမယ်။ နောက်အရေးကြီးဆုံးအချက်ကတော့ ရေအလုံအလောက်ရှိဖို့ပဲဖြစ်ပါတယ်။ မီးသတ်ကားနဲ့ မီးသတ်ရဲဘော်များရှိနေသော်လည်း ရေအလုံအလောက်မရှိပါက မီးငြိမ်းသတ်ရန်အခက်အခဲများစွာဖြစ်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော့်အနေနဲ့ အောက်ပါမေးခွန်းများကို မေးမြန်းမှာဖြစ်ပါတယ်။ အထပ်မြင့်တိုက်ခန်းများကို မီးငြိမ်းသတ်နိုင်သော ခေတ်မီသောအထူးမီးသတ်ယာဉ်ကြီးများ အလုံအလောက် ရှိ၊ မရှိ သိလိုပါတယ်ခင်ဗျား။ မီးသတ်သင်တန်းကျောင်းမှ ကျွမ်းကျင်သော မီးသတ်သမားများ နှစ်စဉ်အလုံအလောက် မွေးထုတ်ပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုပါတယ်ခင်ဗျား။ မီးလောင်မှုဖြစ်နေလျှင် အမြန်ဆုံးရေသယ်ယူနိုင်ရန်အတွက် ရန်ကုန်မြို့ရဲ့လမ်းမကြီးများဖြစ်တဲ့ ကမ်းနားလမ်း၊ ကုန်သည်လမ်း၊ မဟာဗန္ဓုလလမ်း၊ အနော်ရထာလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်း လမ်းမကြီးများတစ်လျှောက် ယခင်ကရှိခဲ့ဖူးသော အလွယ်တကူရေစုပ်ယူနိုင်သော မီးသတ်ပိုက်ခေါင်းများ ပြန်လည်တပ်ဆင်ရန်အစီအစဉ် ရှိ၊ မရှိ နဲ့ မီးသတ်ယာဉ်များ အလွယ်တကူရေစုပ်ယူနိုင်ရန်အတွက် အင်းလျားကန်၊ ကန်တော်ကြီးစသော ရေကန်ကြီးများ၏ ကန်ပတ်လမ်းများတွင် မီးသတ်ကားများ အလွယ်တကူရေစုပ်နိုင်ရန် သီးခြားလုပ်ဆောင်ရန် အစီအစဉ် ရှိ၊ မရှိနဲ့ ရပ်ကွက်များတွင် ဂါလန် ၅၀၀၀ မှ ဂါလန် ၁၀၀၀၀ အထိ ရေထည့်နိုင်သော အုတ်ရေကန်များ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိလိုပါကြောင်းလေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးစိုင်းလှကျော်၊ လင်းခေးမဲဆန္ဒနယ်မှ မေးမြန်းရန် ဖြစ်ပါတယ်။

**ဦးစိုင်းလှကျော်(လင်းခေးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနဲ့တကွ ဧည့်သည်တော်များ၊ ကိုယ်စားလှယ်တော်များအားလုံးကို ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ လင်းခေးမဲဆန္ဒနယ် ကိုယ်စားလှယ် ဦးစိုင်းလှကျော်ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကို တိုတိုနဲ့လိုရင်းကိုပဲ တင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားဒေသတွေမှာ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများကြောင့် အိုးပစ်အိမ်ပစ်ထွက်ပြေးတိမ်းရှောင်နေကြရတဲ့ အထူးသဖြင့် ကျွန်တော်တို့ ရှမ်း၊ ကချင်၊ ကရင် အစရှိတဲ့ တိုင်းရင်းသားဒုက္ခသည်များဟာ မိမိတို့နိုင်ငံအတွင်းမှာ အားကိုးရာ၊ နားနေရာစခန်း၊ ထောက်ပံ့ရေးစခန်းများမရှိခြင်းကြောင့် တောထဲတို့၊ နယ်စပ်တို့ ထွက်ပြေးတိမ်းရှောင်နေကြရပါတယ်။ ဒါကြောင့် ဒုက္ခသည်များအတွက် ကြီးမားတဲ့ထပ်ဆင့်ဒုက္ခများခံစားနေရပါတယ်။ ဤကဲ့သို့သော အခြေအနေများကြောင့် ပြည်ပမီဒီယာများက ဒုက္ခသည်များနဲ့ပတ်သက်ပြီး ပုံကြီးချဲ့ ချဲ့ထွင်ပြောဆိုနေမှုများရှိနေပြီး မလိုလားအပ်တဲ့ ထိခိုက်နစ်နာမှုများ ပိုမိုများပြားလာနေပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ဤပဋိပက္ခများကြောင့် အတိဒုက္ခရောက်နေကြတဲ့သူများအား သဘာဝဘေးအန္တရာယ်ကျရောက်ပြီး အတိဒုက္ခရောက်နေကြတဲ့ပြည်သူများကဲ့သို့ ဥပမာ - နာဂစ်မုန်တိုင်း၊ တာချီလိတ်ငလျင်ကဲ့သို့ကူညီပံ့ပိုးပေးမည့် လူမှုကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်ပေးရန် အစီအစဉ် ရှိ၊ မရှိ ခံစားနေရသောပြည်သူများကိုယ်စား ကျွန်တော်က တင်ပြမေးမြန်းလိုခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကြည်(ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ကျွန်တော်က ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းတင်ပြထားတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ရှေးဦးစွာပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမမေးခွန်းဖြစ်တဲ့ မီးသတ်ဦးစီးဌာနတွင် ခေတ်မီမီးသတ်ယာဉ်များနှင့် အထပ်မြင့်တိုက်ခန်းများကိုမီးငြိမ်းသတ်နိုင်သော အထူးမီးသတ်ယာဉ်များအလုံအလောက် ရှိ၊ မရှိနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနရုံးချုပ်အပါအဝင် ရန်ကုန်တိုင်းဒေသကြီး အတွင်းမှာ မီးသတ်စခန်း ၄၄ ခုရှိပါတယ်။ အဲဒီမှာ မီးသတ်ယာဉ် ၁၀၇ စီးရှိပါတယ်။ ရေသည်ယာဉ် ၁၄ စီးနှင့် အထောက်အကူပြုယာဉ် ၅၀ စီး စုစုပေါင်း ၁၇၁ စီးဖြင့် မီးငြိမ်းသတ်ရေးလုပ်ငန်းစဉ်နဲ့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်းတင်ပြလိုပါတယ်။ အဆိုပါယာဉ်များအနက် မီးငြိမ်းသတ်ရေးယာဉ်ဖြစ်တဲ့ အမြှုပ်ဆေးတင်ယာဉ် ၄ စီး၊ အသက်ကယ်ယာဉ် ၂ စီး၊ မီးဆလိုက်တင်ယာဉ် ၁ စီး၊ အသက်ရှူကိရိယာတင်ယာဉ် ၁ စီး၊ ရေမှုန်ထုတ်မီးသတ်ယာဉ် ၁ စီး၊ လှေကားတင်မီးသတ်ယာဉ် ၇ စီး၊ အမြင့်တင်မီးသတ်ယာဉ် ၁ စီး၊ ရေမျှော်စင်မီးသတ်ယာဉ် ၂ စီး၊ စုစုပေါင်း ၁၉ စီးနဲ့ ရေရရှိရေးအထူးယာဉ်များအဖြစ်နဲ့ ရေဂါလန် ၈၀၀၀ ဆံ့မီးသတ်ယာဉ် ၁ စီး၊ ရေဂါလန် ၃၅၀၀ ဆံ့မီးသတ်ယာဉ် ၂ စီးတို့ကို မီးသတ်ဦးစီးဌာနရုံးချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ မီးသတ်စခန်းတွေမှာ အသီးသီးဖြန့်ကျက်တာဝန်ချထားပြီးတော့ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေကိုဆောင်ရွက်လျက်ရှိတဲ့အတွက် လက်ရှိအနေအထားမှာ ခေတ်မီမီးသတ်

ယာဉ်များနဲ့ အထပ်မြင့်တိုက်ခန်းများကိုမီးငြိမ်းသတ်နိုင်တဲ့ အထူးမီးသတ်ယာဉ်များ လုံလောက်စွာ ရှိကြောင်းတင်ပြလိုပါတယ်။

အဆောက်အဦများကို မီးဘေးလုံခြုံရေးနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ ပုဒ်မ ၁၈ (က)မှာ ၃ ထပ်နှင့်အထက်ရှိသော အဆောက်အဦများ၊ စုပေါင်းအိမ်ရာများဆောက်လုပ်ရာတွင် သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းသည် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအလို့ငှာ မီးသတ်ဦးစီးဌာန၏သဘောတူညီချက်ရယူရန်ကိုလည်းကောင်း၊ ပုဒ်မ ၂၆ အရ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာန သို့မဟုတ် မီးဘေးအန္တရာယ်စိုးရိမ်ရသော စီးပွားရေးလုပ်ငန်းများတွင် လုပ်ငန်းပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူသည် မီးသတ်ဦးစီးဌာန၏ညွှန်ကြားချက်နှင့်အညီ မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ ပစ္စည်းကိရိယာများကိုထားရှိရန်ပျက်ကွက်ခြင်းမရှိစေရဟူ၍လည်းကောင်း၊ ပုဒ်မ ၃၃ တွင် ပြဋ္ဌာန်းချက်တစ်ခုခုကိုဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် (၃)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရန်ဟူ၍လည်းကောင်းပြဋ္ဌာန်းထားရှိပါတယ်။ အမြင့်တင်ယာဉ်များဟာ အဆောက်အဦ ၈ ထပ်အမြင့်ထိသာ မီးငြိမ်းသတ်နိုင်ရေး လုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ပါတယ်။ သို့ပါ၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနအနေဖြင့် မီးသတ်တပ်ဖွဲ့ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတကာနည်းတူ အထပ်မြင့်အဆောက်အဦတိုင်းတွင် အဆောက်အဦအမျိုးအစားအလိုက် လွတ်မြောက်ပေါက်များ စံချိန်စံညွှန်းနှင့်အညီထားရှိရေး၊ မီးအချက်ပေးစနစ်များထားရှိရေး၊ အသင့်တပ်ဆင်ထားသော မီးငြိမ်းသတ်ရေးစနစ်များ စံချိန်စံညွှန်းနှင့်အညီ ထားရှိရေးတို့ကို အဆောက်အဦမဆောက်လုပ်မီ အဆောက်အဦပုံစံအားစစ်ဆေးအကြံပြုခြင်း၊ အဆောက်အဦ ဆောက်လုပ်ပြီးစီးပါက အကြံပြုချက်အတိုင်းလိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ စစ်ဆေးခြင်းများကို မီးသတ်တပ်ဖွဲ့ဥပဒေအရ ဆောင်ရွက်ပိုင်ခွင့်ရှိပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ မီးဘေးလုံခြုံရေး အစီအမံများကို ပိုမိုကောင်းမွန်စွာထားရှိရေး၊ စစ်ဆေးရေးတို့အတွက်လည်းပဲ ပြည်ထောင်စု ဝန်ကြီးဌာနများ၊ ပြည်နယ်/တိုင်းဒေသအစိုးရအဖွဲ့များနဲ့ မြို့တော်စည်ပင်သာယာရေးကော်မတီတို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြန်ကြားအပ်ပါတယ်။ ဒုတိယမေးခွန်းဖြစ်တဲ့ မီးသတ်သင်တန်းကျောင်းမှကျွမ်းကျင်သောမီးသတ်သမားများ နှစ်စဉ်လုံလောက်စွာမွေးထုတ်ပေးနိုင်ခြင်း ရှိ၊ မရှိ ဆိုတဲ့ ကိစ္စနဲ့စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေးနှင့်ပတ်သက်ပြီးတော့ မီးသတ်ဦးစီးဌာန(ရုံးချုပ်) လေ့ကျင့်ရေးဌာနစုနဲ့ ဗဟိုမီးသတ်သင်တန်းကျောင်းတို့မှာ အရန်မီးသတ်တပ်ဖွဲ့ဝင်များမွမ်းမံသင်တန်း၊ အခြေခံမီးသတ်

ပညာသင်တန်း၊ တန်းမြင့်မီးသတ်ပညာသင်တန်း(အခြားအဆင့်)၊ အဆင့်မြင့်မီးသတ်ပညာသင်တန်း (အခြားအဆင့်)၊ မီးသတ်နည်းပြသင်တန်း(အခြားအဆင့်)၊ မီးသတ်တပ်စုမှူးလောင်းသင်တန်း၊ စခန်းအဆင့်အုပ်ချုပ်မှုမွမ်းမံသင်တန်း၊ မြို့နယ်အဆင့်အုပ်ချုပ်မှုမွမ်းမံသင်တန်း၊ အဆင့်မြင့်မီးသတ်အရာရှိသင်တန်း၊ မီးသတ်ပညာနည်းပြသင်တန်း(အရာရှိအဆင့်)စသည့် သင်တန်းအမျိုးအစားပေါင်း ၂၃ ခုကို ပုံမှန်ဖွင့်လှစ်လျက်ရှိရာ နှစ်စဉ်တပ်ဖွဲ့ဝင် ၂၄၄၀ ဦးတို့ကိုလေ့ကျင့်ပေးနိုင်ပါတယ်။

အလားတူပဲ အရန်မီးသတ်တပ်ဖွဲ့ဝင်များကိုလည်းပဲ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များအား မြို့နယ်အလိုက် အကြိုအခြေခံမီးသတ်သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိပါတယ်။ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးသင်တန်းများကို ၂၀၀၉ ခုနှစ် အောက်တိုဘာလကနေပြီးတော့ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လအထိ နိုင်ငံတော်တဝှမ်းလုံးမှာ မြို့နယ်အသီးသီးမှာ သင်တန်းပေါင်း ၁၃၀၇ ကြိမ် ဖွင့်လှစ်ခဲ့ပြီးတော့ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၂၈၈၀၄ ဦးတို့ကိုလေ့ကျင့်ပေးခဲ့ပါတယ်။ ဒီ့အပြင် နိုင်ငံတော်အစီအစဉ်နဲ့ ၁၉၈၈ ခုနှစ်မှစပြီးတော့ ယနေ့အထိနိုင်ငံပေါင်း ၁၅ နိုင်ငံသို့ မီးသတ်တပ်ဖွဲ့ဝင် ၁၈၀ ဦးကိုစေလွှတ်ပြီးတော့မှ သင်တန်းများတက်ရောက်စေခဲ့ပြီး နိုင်ငံတကာမီးသတ်နည်းပညာသင်တန်းများကိုလည်းပဲ ဆင့်ပွားပြန်လည်ပို့ချပေးလျက်ရှိနေပါတယ်။ ဒါကြောင့်မီးသတ်တပ်ဖွဲ့လုပ်ငန်းများအတွက် ကျွမ်းကျင်သောမီးသတ်သမားများ နှစ်စဉ်အလုံအလောက် မွေးထုတ်ပေးနိုင်ပါကြောင်းပြန်ကြားအပ်ပါတယ်။ ဆက်လက်၍ တတိယမေးခွန်းဖြစ်တဲ့ မီးလောင်မှုဖြစ်ပွားစဉ် အမြန်ဆုံးရေသယ်ယူနိုင်ရန်အတွက် ရန်ကုန်မြို့လမ်းမကြီးများဖြစ်သော ကမ်းနားလမ်း၊ ကုန်သည်လမ်း၊ မဟာဗန္ဓုလလမ်း၊ အနော်ရထာလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးတစ်လျှောက်တွင် ယခင်ကရှိခဲ့သော အလွယ်တကူရေစုပ်ယူနိုင်သည့် မီးသတ်ပိုက်ခေါင်းများပြန်လည်တပ်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ ဆိုတဲ့ကိစ္စနဲ့စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ မီးလောင်မှုဖြစ်ပေါ်ပါက အလွယ်တကူရေရရှိနိုင်ရန်အတွက် ၂၀၁၁ ခုနှစ်၊ ဇူလိုင်လကနေစပြီးတော့ စက်တင်ဘာလအထိ ကျွန်တော်တို့မီးသတ်တပ်ဖွဲ့အနေနဲ့ အသေးစိတ်ကွင်းဆင်းပြီးစာရင်းကောက်ယူခဲ့ပါတယ်။ ရန်ကုန်မြို့တော်မှာ မီးသတ်ရေငုတ် ၃၉၀ တပ်ဆင်ထားသည့်အနက် ကောင်းမွန်စွာအသုံးပြုနိုင်သည့် မီးသတ်ရေငုတ် ၁၈၃ ခုရှိပါတယ်။ ရေအားနည်းပြီးအသင့်အတင့်အသုံးပြုနိုင်တဲ့ မီးသတ်ရေငုတ် ၆၉ ခုရှိပါတယ်။ အသုံးပြုလို့မရတဲ့ မီးသတ်ရေငုတ် ကတော့ ၁၃၈ ခုရှိကြောင်းတွေ့ရှိခဲ့ရပါတယ်။ ဒါကြောင့် ဒီ မီးသတ်ရေငုတ်တွေကို စွမ်းအားပြည့်အသုံးပြုနိုင်ရေးအတွက် ပြန်လည်ပြင်ဆင်သွားဖို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ညှိနှိုင်းပြီးဖြစ်တဲ့အတွက် ဆောင်ရွက်နေဆဲအခြေအနေတွင်ရှိပါကြောင်းပြန်ကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စတုတ္ထမေးခွန်းဖြစ်တဲ့ မီးသတ်ယာဉ်များအလွယ်တကူရေစုပ်ယူနိုင်ရန် အင်းလျားကန်၊ ကန်တော်ကြီးစသည့် ရေကန်ကြီးများတွင် လေးဘက်လေးတန်တွင် မီးသတ်ကား ပါကင်များ သီးခြားလုပ်ဆောင်ရန် အစီအစဉ် ရှိ၊ မရှိနဲ့ ရပ်ကွက်များတွင် ဂါလန် ၅၀၀၀ မှ ဂါလန် ၁၀၀၀၀ အထိ ရေထည့်နိုင်သောအုတ်ရေကန်များတည်ဆောက်ပေးထားရန် အစီအစဉ် ရှိ၊ မရှိ တို့နဲ့ စပ်လျဉ်း၍ မီးသတ်ယာဉ်များအလွယ်တကူရေစုပ်ယူနိုင်ရေးအတွက် မီးသတ်တိုင်များ၊ မီးသတ် ပိုက်ခေါင်းများအပြင် မြို့နယ်အသီးသီးရှိရေတွန်းစက်များတွင် မြေစိုက်ရေကန်များလည်း အရေးပေါ် မီးလောင်ကျွမ်းမှုဖြစ်ပေါ်ပါက ရေစုပ်ယူနိုင်ရန်စီစဉ်ထားရှိပါတယ်။ လက်ရှိအားဖြင့် မြို့နယ်များတွင် အဝီစိရေစက်(၅၅)နေရာ၊ ဂါလန်(၃၀၀၀)မှ ဂါလန် (၂၀၀၀၀၀)ထိ ဆံ့တဲ့အုတ်ကန်ပေါင်း (၂၃)ခုနဲ့ သဘာဝကန်(၄၁)ကန်ကနေပြီးတော့ ရေရရှိနိုင်ပါတယ်။

လက်ရှိအရေအတွက်အားဖြင့် ကန်တော်ကြီးတွင် မီးသတ်ကားရေယူနိုင်တဲ့နေရာ (၃)ခု အင်းလျားကန်တွင် မီးသတ်ကားရေယူနိုင်တဲ့နေရာ (၃)ခု ရှိပါတယ်။ မီးသတ်ယာဉ်များတွင်ပါတဲ့ ရေစုပ်ပိုက်တွေဟာ (၂၈)ပေ ရှည်တဲ့အတွက် ပိုက်မီတဲ့အခြားနေရာများမှာလည်းပဲ ကန်နံဘေး ကနေပြီးတော့ ရေစုပ်ယူနိုင်ပါတယ်။ အင်းလျားကန်နှင့် ကန်တော်ကြီးအစရှိတဲ့ရေကန်များမှာ လေးလက်လေးတန်တွင် မီးသတ်ကားပါကင်များ ယခုထက်ပိုမိုထားရှိပါက ပိုမိုကောင်းမွန်ပါသဖြင့် သင့်လျော်သောနေရာများတွင် မီးသတ်ကားပါကင်များ ထပ်မံပြုလုပ်သွားရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်ညှိနှိုင်းပြီးဖြစ်ပါကြောင်းပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီးတော့မှ လင်းခေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှကျော်တင်ပြတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ပြန်လည်ရှင်းလင်း တင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် သဘာဝဘေးအမျိုးမျိုးဖြစ်ပွားတဲ့အခါမှာ လျင်မြန်ထိရောက်စွာဖြေရှင်းနိုင်ဖို့အတွက် သဘာဝဘေးဆိုင်ရာစီမံခန့်ခွဲမှုတည်မြဲအမိန့်ကို ထုတ်ပြန် ထားပြီးဖြစ်ပါတယ်။ အဆိုပါတည်မြဲအမိန့်တွင် သဘာဝဘေးကျရောက်မှုအရွယ်အစားသေးငယ်သည့် အခါ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရက အဓိကတာဝန်ယူဖြေရှင်း၍ ပြည်ထောင်စု အစိုးရကပံ့ပိုးကူညီမှုသာဆောင်ရွက်ပေးရသည့်ခြေအနေနှင့် သဘာဝဘေးကျရောက်မှုအရွယ်အစား ကြီးမားပြီး ပျက်စီးဆုံးရှုံးမှုများပြားသည့်အခါ ပြည်ထောင်စုအစိုးရကတိုက်ရိုက်တာဝန်ယူဖြေရှင်း ဆောင်ရွက်ပေးရတဲ့ အခြေအနေဆိုပြီးတော့ အခြေအနေနှစ်မျိုးခွဲခြားထားတာဖြစ်ပါတယ်။ အဆိုပါ အခြေအနေနှစ်ရပ်ကိုဆောင်ရွက်ပေးတဲ့အခါမှာ ရေဘေး၊ လေဘေး၊ ငလျင်ဘေးအစရှိသည့်

သဘာဝဘေးအမျိုးမျိုးအတွက်သာ ဆောင်ရွက်ပေးခြင်းမဟုတ်ဘဲ နယ်မြေလုံခြုံရေးအခြေအနေအရ ဘေးဒုက္ခရောက်နေရသူ ပြည်သူလူထုအတွက်လည်းပဲ အလားတူဆောင်ရွက်ပေးလျက်ရှိပါတယ်။ သောင်းကြမ်းမှုဘေးအပါအဝင် ဘေးအမျိုးမျိုးဖြစ်ပွားခဲ့ပါက သက်ဆိုင်ရာပြည်နယ်/ တိုင်းဒေသကြီး အစိုးရများသည်ပြည်နယ်နှင့်တိုင်းဒေသကြီးရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနရှိ သိုလှောင်ရုံများတွင် ကယ်ဆယ်ရေးပစ္စည်းများကို ၎င်းတို့ရဲ့စီမံခန့်ခွဲမှုဖြင့် ချက်ချင်းထောက်ပံ့ ပေးနိုင်ပြီး ဆန်ဖိုးငွေများကိုလည်း ရက်သတ္တပတ်နှစ်ပါတ်စာအထိ ထောက်ပံ့ပေးနိုင်အောင်စီစဉ် ထားရှိပြီးဖြစ်ပါတယ်။ ဒီ့အပြင် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသအဆင့်မှ ဖြေရှင်းဆောင်ရွက်ပေးရန် အခက်အခဲရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြလျှင်လည်း ချက်ချင်းပါဝင်ကူညီဆောင်ရွက် ပေးလျက်ရှိကြောင်းတင်ပြအပ်ပါတယ်။

၂၀၁၁ ခုနှစ်၊ ဇွန်လအတွင်းက လွိုင်လင်ခရိုင်၊ ကျေးသီးမြို့နယ်၊ ဝမ်ဟိုင်းဒေသတွင် တိုက်ပွဲများ ဖြစ်ပွားခဲ့သဖြင့် ဘေးကင်းလွတ်ရာသို့ ကျေးရွာသူ၊ ကျေးရွာသားတချို့ ခေတ္တတိမ်းရှောင်ခဲ့ရတဲ့ အိမ်ထောင်စု ၆၂၇ စု လူဦးရေ ၂၇၁၆ ဦးတို့ကိုလည်း နယ်မြေအေးချမ်းသာယာ၍ မိမိဒေသကို ပြန်လည်ရွှေ့ပြောင်းသွားတဲ့အခါမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့အစီအစဥ်နဲ့ အခြေခံစားကုန်နဲ့ လူသုံးကုန်ပစ္စည်းများထောက်ပံ့ပေးခဲ့တာ ကျွန်တော်တို့တွေ့ရှိရပါတယ်။ ထို့အတူပဲ ကချင်ပြည်နယ် အစိုးရအဖွဲ့ကလည်း ၎င်းတို့နယ်မြေဒေသအတွင်းမှာ လတ်တလောပဋိပက္ခများကြောင့် နယ်မြေ လုံခြုံမှုရှိသောဒေသများသို့ ရွှေ့ပြောင်းရောက်ရှိလာကြတဲ့ အိမ်ထောင်စု ၁၃၉၇ စုမှ လူဦးရေ ၅၅၈၀ ဦး အတွက် ၂၀၁၁ ခုနှစ်၊ ဇွန်လမှ စက်တင်ဘာလအထိ ကယ်ဆယ်ရေးစခန်း ၃၈ ခု ဖွင့်လှစ်ထားရှိပြီး စားသောက်နေထိုင်ရေး၊ ပညာရေး၊ ကျန်းမာရေးအစရှိသည့်ကဏ္ဍများတွင် ထောက်ပံ့ကူညီမှုပေးခဲ့ ပါတယ်။ ပြည်ထောင်စုအစိုးရနဲ့ ကချင်ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်ဖြင့် ငွေသားကျပ် ၃၈၃၁၀၄၀၀/-၊ ပစ္စည်းတန်ဘိုးငွေ ၉၃၇၈၇၈၈၆/-၊ တန်ဖိုးရှိတဲ့ပစ္စည်းများကို ပထမအကြိမ် ထောက်ပံ့ပေးခဲ့ပါတယ်။ ဒါ့အပြင် ကချင်ပြည်နယ်အစိုးရဟာ UN အဖွဲ့အစည်းများ၊ INGO များ၊ NGO အဖွဲ့အစည်းများနှင့် ညှိနှိုင်းအစည်းအဝေးများပြုလုပ်ပြီးတဲ့နောက် စက်တင်ဘာလ ၂၀ ရက် ကနေစပြီးတော့ WFP မှ ဆန်အိတ် ၁၅၀၇ အိတ်၊ ကုလားပဲ ၆၂၄၈ ပိဿာ၊ ဆီ ၃၁၉၃ ပိဿာ၊ ဆား ၅၂၀ ပိဿာ တို့ကိုထောက်ပံ့ပေးလျက်ရှိကြောင်းတွေ့ရှိရပါတယ်။ အခြား UN အဖွဲ့အစည်းများ၊ INGO ၊ NGO များကလည်း ရေနှင့်သန့်ရှင်းရေးပစ္စည်းများ၊ ပညာရေး၊ ကျန်းမာရေး၊ အစားအစာ၊ အမိုးအကာအစရှိသည်များကိုကူညီထောက်ပံ့ပေးလျက်ရှိပါတယ်။ ထို့ကြောင့် သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီး အစိုးရအဖွဲ့များအနေဖြင့် လတ်တလောဒုက္ခရောက်နေသော ပြည်သူလူထုကို

ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ပြီး လူမှုကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးနေတာဖြစ်တဲ့အတွက် ပြည်ပသို့ထွက်ပြေးတိမ်းရှောင်စရာ အကြောင်းမရှိပါဘူး။ မိမိတို့နိုင်ငံအတွင်းမှာပင် အားကိုးရာနားနေစရာစခန်း၊ ကယ်ဆယ်ရေးစခန်းများလိုအပ်သလောက် အလုံအလောက် ဖွင့်လှစ်ပေးနိုင်ပါကြောင်းနှင့် ထောက်ပံ့မှုများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြလိုပါတယ်။ နာဂစ်မုန်တိုင်း၊ တာလေငလျင်ကဲ့သို့ပြင်းထန်သော ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့လျှင်လည်း ပြည်ထောင်စုအစိုးရအဖွဲ့ဟာ ပြည်သူလူထုအကျိုးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ စုပေါင်း၍လည်းကောင်း UN အဖွဲ့အစည်းများ၊ INGO နှင့် NGO အဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပအလှူရှင်များပါဝင်လာနိုင်စေရန် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ပြန်ကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ ၂၉-၈-၂၀၁၁ ရက်နေ့ကဆွေးနွေးအတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ပေးပို့ထားတဲ့ မြန်မာနိုင်ငံတော် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကြမ်းကို ၅-၁၀-၂၀၁၁ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များနှင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံဖြန့်ဝေပြီးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၂ အရ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများအနေနဲ့အပိုဒ်၊ အပိုဒ်ခွဲအလိုက် အကြောင်းအရာတိကျစွာဖော်ပြ၍ ၁၃-၁၀-၂၀၁၁ ရက် (ကြာသပတေးနေ့) ၁၆၀၀ နာရီအချိန်မှာနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံပေးပို့ရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၄ ရက်မြောက်နေ့ကိုရပ်နားပါမယ်။ ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို ၃၅ ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက် (တနင်္လာနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၄း၃၅ နာရီတွင်ရပ်နားပါသည်။]